# ဧရာဝတီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေကိုဖြည့်စွက်သည့်ဥပဒေ

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် - ၁ / ၂၀၁၃
(၁၃၇၄ခုနှစ် ပြာသိုလဆန်း ၆ ရက်)
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ဖြည့်စွက်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဧရာဝတီတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂ တွင် -

ပုဒ်မခွဲ(တ)၊ (၃) ၌ပါရှိသော 'မည်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင်မဆို' ဆိုသည့်စကားရပ်၏နောက်တွင် 'အင်းသားကြီးများ အင်းလုပ်ကိုင်ခွင့် အချိန်ကာလနှင့်' ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။